# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ သတင်းထုတ်ပြန်ချက်

## ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆင်းသက်လာသော Biman Bangladesh လေကြောင်းလိုင်းမှ လေယာဉ်တစ်စီး လေယာဉ်ပြေးလမ်းချော်မှုဖြစ်ပွား

**ရန်ကုန် - မေလ ၈ ရက်၊ ၂၀၁၉ ခုနှစ် -** ခရီးသည် ၃၀ ဦးနှင့် လေယာဉ်ဝန်ထမ်း ၆ ဦး တင်ဆောင်လာသော Biman လေကြောင်းလိုင်းမှ လေယာဉ်တစ်စီးသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆင်းသက်စဉ် လေယာဉ်ပြေးလမ်းချော်မှုဖြစ်ပွားခဲ့ပါသည်။

Biman လေကြောင်းလိုင်း၏ လေယာဉ်ခရီးစဉ်အမှတ် BG 060 ဖြင့် ဒါကာမြို့မှ ရန်ကုန်မြို့သို့ ပျံသန်းလာသည့် Bombardier Dash – 8/400 လေယာဉ်အမျိုးအစားသည် ယနေ့ညနေ ၆း၅၁ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဆင်းသက်ချိန်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြင်ကွင်းများမပြတ်သားမှုကြောင့် လေယာဉ်ပြေးလမ်း၏ ညာဘက်သို့ ချော်ထွက်သွားခဲ့ပါသည်။ ဤမတော်တဆမှုဖြစ်ပွားပြီးနောက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ATC (“Air Traffic Control”) လုပ်ငန်းစဉ်များအရ လေဆိပ်၏ လေယာဉ်ပြေးလမ်းကို ခေတ္တပိတ်ဆို့ထားပါသည်။

ခရီးသည်များနှင့် လေယာဉ်ဝန်ထမ်းများအား လိုအပ်သောအရေးပေါ်ကယ်ဆယ်မှုများ ချက်ချင်းဆောင်ရွက်ခဲ့ပြီး လေဆိပ်လုပ်ငန်းများ အမြန်ဆုံးပုံမှန်ပြန်လည်ပတ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ လေယာဉ်မတော်တဆမှုဖြစ်ပွားရာနေရာသို့ သက်ဆိုင်ရာတာဝန်ရှိသူအားလုံးမှလည်း ချက်ချင်းရောက်ရှိခဲ့ပြီး လိုအပ်သော ဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အနေဖြင့် ခရီးသည်များနှင့် လေယာဉ်ဝန်ထမ်းများ၏ ဘေးကင်းလုံခြုံမှုရှိရေးသည် ဦးစားပေးပင် ဖြစ်ပါသည်။ ထပ်မံ၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အနေဖြင့် သက်ဆိုင်ရာအာဏာပိုင်များနှင့် ပူးပေါင်းပြီး လေယာဉ်ပြေးလမ်းများ ပုံမှန်အတိုင်းပြန်လည် လည်ပတ်နိုင်ရန် လိုအပ်သည်များကို အမြန်ဆုံးဆောင်ရွက်လျက်ရှိပါသည်။

YACL အနေဖြင့်လည်း မိုးသည်းထန်စွာ ရွာသွန်းမှုများအကြား ဤအရေးပေါ်ဖြစ်စဉ်အား ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ခဲ့ပါသည်။ မတော်တဆမှုကြောင့် လက်ရှိအချိန်အထိ သေဆုံးသူမရှိဘဲ ခရီးသည်များနှင့် လေယာဉ်ဝန်ထမ်းများအတွက် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများအား သက်ဆိုင်ရာမှ ဆောင်ရွက်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံလေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ  တာဝန်ရှိသူများနှင့်တကွ လေယာဉ်မတော်တဆထိခိုက်မှုစုံစမ်းစစ်ဆေးရေးဌာနခွဲ  (AAIB) မှ တာဝန်ရှိသူများမှလည်း မတော်တဆမှုဖြစ်ပွားရာနေရာသို့ ချက်ချင်းရောက်ရှိလာကာ ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သော စုံစမ်းစစ်ဆေးမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

နောက်ဆက်တွဲသတင်းများကို အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက media.relations@yangon.aero သို့လည်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**-- End of Press Release --**

## Yangon Aerodrome Company Limited (YACL)

***Setting the standard for high performance***

နိုင်ငံတကာအဆင့်မီလေဆိပ်ဝန်ဆောင်မှုများအား စတင်ဝန်ဆောင်မှုပေးခဲ့သော Yangon Aerodrome Company Limited (YACL) သည် မြန်မာနိုင်ငံ၏ အဓိကဂေါင်ပေါက်၊ ထွက်ပေါက်ဖြစ်သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (YIA) အား စီမံခန့်ခွဲဝန်ဆောင်မှုပေးလျက် ရှိပါသည်။ မြန်မာနိုင်ငံ၏ အကြီးမားဆုံးနှင့် အစည်ကားဆုံးလေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများကို စီမံခန့်ခွဲလျက်ရှိသော YACL အနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အား အရည်အသွေးမြင့် လေကြောင်းဝန်ဆောင်မှုများ စဉ်ဆက်မပြတ်ပေးစွမ်းနိုင်ရေးအတွက် အခြေခံအဆောက်အအုံ၊ လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများကို နေ့စဉ်နဲ့အမျှ အကောင်းမွန်ဆုံးဖြစ်အောင် ဆောင်ရွက်လျက် ရှိပါသည်။

အိန္ဒိယ နှင့် တရုတ်နိုင်ငံကြားတွင် မဟာဗျူဟာမြောက်စွာတည်ရှိလျက်ရှိသော မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေ၏ သုံးပုံ နှစ်ပုံနေထိုင်ရာ  နိုင်ငံများသို့ ခြောက်နာရီကြာပျံသန်းချိန်အကွာအဝေးအတွင်း၌သာ တည်ရှိနေပါသည်။ မြန်မာနိုင်ငံသည် ခရီးသွားလာရာ နေရာတစ်ခုအဖြစ် ရေပန်းစားလူကြိုက်များလာသည်နှင့်အညီ YACL အနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ခရီးသည်များနှင့် လေကြောင်းလိုင်းများအတွက် အရည်အသွေးမြင့် ခရီးသွားဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်ပေးစွမ်းနိုင်ရန် အဆင့်မြှင့်တင်လျက်ရှိပါသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အရောင်းဆိုင် ၄၇  ဆိုင် ရှိပြီး အစားအသောက်အရောင်းဆိုင် ၂၃  ဆိုင် ရှိပါသည်။ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ၃၂ လိုင်း နှင့် အပြည်ပြည်ဆိုင်ရာခရီးစဉ် ၃၀ ခုအား ဝန်ဆောင်မှုပေးလျက်ရှိသော ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် ၂၀၁၈ ခုနှစ် အတွင်း ခရီးသည်ပေါင်း ၆.၀၃၅ သန်းကို ဝန်ဆောင်မှုပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။